# သစ်တောများအုပ်ချုပ်လုပ်ကိုင်မှု (သဘာဝတောနှင့်စိုက်ခင်း) အတွက် ထောက်ခံချက်ပေးနိုင်ရန် စံနှင့်အညွှန်းများ (မူကြမ်း)အပေါ် သဘောထားမှတ်ချက် တောင်းခံရာတွင် သစ်တောဦးစီးဌာနမှ ပြန်လည်ပေးပို့လာသော သဘောထားမှတ်ချက်/အကြံပြုချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများအား အကြောင်းပြန်ကြားခြင်း

မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ (MFCC) မှ ရေးဆွဲထားသော Standard Setting Policy အရ MFCC သည် Public Stakeholder Consultation ကို ၂၀၁၉ ခုနှစ် ဧပြီလ (၃၀) ရက်နေ့မှ ဇွန်လ (၃၀)ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ ရရှိလာသော သဘောထားမှတ်ချက်/အကြံပြုချက်များကို နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အစည်းအဝေးများ အဆင့်ဆင့်ကျင်းပ၍ အတည်ပြု ဆုံးဖြတ်ချက်ချပြီးဖြစ်ပါသည်။

Public Stakeholder Consultation ကျော်လွန်၍ စံနှင့်အညွှန်းများအပေါ် ပေးပို့လာသော သဘောထားမှတ်ချက်/အကြံပြုချက်များကိုလည်း MFCC ၏ Stakeholder Engagement and Public Documents Policy နှင့်အညီ မှတ်တမ်းတင်၍ သိမ်းဆည်းသွားမည်ဖြစ်ပြီး နောက်တစ်ကြိမ် စံနှင့်အညွှန်းများ ပြန်လည်ပြင်ဆင်သည့်အချိန်တွင် ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ပါသည်။

MFCC သည် Public Stakeholder Consultation မှ ရရှိလာသော သဘောထားမှတ်ချက်နှင့် အကြံပြုချက်များအရ သဘာဝတောနှင့် သစ်တောစိုက်ခင်းစံနှင့် အညွှန်းများကို ပေါင်းစပ်၍ စံချိန်စံညွှန်း တစ်ခုတည်းသာထားရှိပြီး ၄င်းစံချိန်စံညွှန်းတွင် ဥပဒေသ၊ စံနှင့်အညွှန်းများသာ ပါဝင်ပါသည်။

စံနှင့်အညွှန်းများကို အခြေခံ၍ရေးဆွဲမည့် Checklist/ Audit Form တွင်မူ Public Stakeholder Consultation တွင် ရရှိသော သဘောထားမှတ်ချက်/ အကြံပြုချက်များ သာမက Public Stakeholder Consultation ကျော်လွန်၍ ရရှိသော သဘောထားမှတ်ချက်/အကြံပြုချက်များကိုပါ ထည့်သွင်းစဉ်းစား၍ ရေးဆွဲသွားမည်ဖြစ်ပါသည်။

အဖွဲ့အစည်းအမည် - ကယားပြည်နယ်၊ သစ်တောဦးစီးဌာန
ပေးပို့ရက်စွဲ - ၂၇.၁.၂၀၂၀

**သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့်အညွှန်းများ (သဘာဝတောနှင့် သစ်တောစိုက်ခင်း) မူကြမ်း**

| စဉ် | သဘောထားမှတ်ချက်/အကြံပြုချက်များ | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ MFCC မှ အတည်ပြု ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (၂၀၁၆) အစား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (၂၀၁၉) ဖြင့် ပြင်ဆင် ပြောင်းလဲအသုံးပြုသင့်ကြောင်း။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (၂၀၁၉) ဖြင့် ပြင်ဆင်ပြောင်းလဲအသုံးပြုသွားမည် ဖြစ်ပါသည်။ |